**ရှမ်းပြည်မြစ်ချောင်းများအတွက်လှုပ်ရှားမှု ထုတ်ပြန်ကြေငြာချက်**
**August 5, 2015**

သံလွင်ရေကာတာ တည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် လူ့အသိုင်းအဝန်းထိခိုက်မှု အကဲဖြတ်ခြင်း SIA / EIA သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအကဲဖြတ်ခြင်း ကြိုးပမ်းနေသည့် SMEC (ဩစတေးလျကုမ္ပဏီ) ကို နိုင်ငံရေးမတည်ငြိမ်မှု နှင့် ဒေသခံလူထုဆန့်ကျင်မှုကြောင့် နှောင့်နှေးစေခြင်း။

မိုင်းတုံရေကာတာတည်ဆောက်နိုင်ရေးအတွက် ဇူလိုင်လ ၂၀၁၅ အတွင်း EIA / SIA ပြုလုပ်ရာတွင် ကွန်ဟိန်းမြို့နယ် နှင့် မိုင်းတုံမြို့နယ် ဒေသခံများက SMEC (Australia’s Snowy Mountains Engineering Corporation အား ပိတ်ပင်တားဆီးခဲ့ကြသည်။ ထို့နောက် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များအတွင်း EIA/SIA ဆက်လက်ပြုလုပ်ရာတွင် နိုင်ငံရေးမတည်ငြိမ်မှု နှင့် ဒေသခံလူထုဆန့်ကျင်မှုဖြင့် ၎င်းတို့၏ အကဲဖြတ်လုပ်ငန်းများအား နှောင့်နှေးစေခဲ့ပါသည်။

၂၀၁၅ ဇူလိုင်လ ၆ ရက်တွင် SMEC ကိုယ်စားလှယ် (၄) ဦး “ဂ” မြို့တော် ပန်ဆန်း သို့သွားပြီး ဂ အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကွင်းဆင်းလေ့လာခွင့် တောင်းခံရာတွင် “ဂ” ပြည်တပ်မတော် UWSA ခေါင်းဆောင်များက နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ၎င်းတို့ဒေသအတွင်း လုပ်ဆောင်ခွင့်မပြုခဲ့ပါ ဤအရေးကို ဆက်လက်ဆွေးနွေးလိုပါက နောက်လများတွင်လာရောက်ဆွေးနွေးနိုင်သည်ဟုပြောလိုက်သည်။ ထိုသို့ ဖြစ်ရခြင်းမှာလွန်ခဲ့သော ဖွန်လအစောပိုင်း မိုင်းတုံမြို့နယ်အတွင်း “ဝ” ပြည်တပ်မတော် UWSA နှင့် မြန်မာအစိုးရစစ်တပ်တို့ ပြဿနာဖြစ်ခဲ့မှုကြောင့်လည်းပတ်သက်နိုင်ပါသည်။

“ဂ” ဒေသအတွင်းဝင်ရောက် လေ့လာအကဲဖြတ်ရေး တားမြစ်ခံရပြီးနောက် ယခုအခါ SMEC (ဩစတြေးလျကုမ္ပဏီ) သည် မိုင်းတုံရေကာတာတည်ဆောက်ရေးအတွက် သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ “ဂ” ဒေသအတွင်းတွင် ဝင်ရောက် လေ့လာအကဲဖြတ်ခြင်း လုပ်ငန်းမလုပ်ဆောင်နိုင်တော့ပေ။


*ဟိုလိန်းစေတီ*

မည်သို့ပင်ဖြစ်စေကာမူ SMEC သည် “ဂ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ တောင်ဘက်ပိုင်းရှိ မိုင်းပြင်းမြို့နယ်တွင် အချက်အလက်ကောက်ယူအကဲဖြတ်ခြင်း ပြုလုပ်ပြီးစီးခဲ့ပါသည်။ ဇူလိုင်လ၏ ပထမပတ်အတွင်း SMEC ၏ အချက်အလက်ကောက်ယူသူများက တာကော့ မြောက်ဘက် သံလွင်မြစ်အရှေ့ဘက်ခြမ်း ဟိုလိန်းရွာ ဘုန်းကြီးကျောင်းတိုက် အနီးတွင် သွားရောက်ကောက်ယူခဲ့သည်။ ဤဘုန်းကြီးကျောင်းတိုက်သည် နှစ်ပေါင်း ၇၀၀

နှစ်ကြာတည်ထားကိုးကွယ်ခဲ့ပြီး မိုင်းတုံရေကာတာတည်ဆောက်ဖြစ်ပါက ရေအောက်မြုပ်ကွယ်သွားမည့် ကျောင်းတိုက်ဖြစ်သည်။ ဤဘုန်းကြီးကျောင်းသည် ရှမ်းပြည်နယ်အတွင်း နာမည်ကြီးသမိုင်းဝင်ကျောင်းတိုက် တစ်ခုဖြစ်သကဲ့သို့ နှစ်စဉ် မတ်လ တွင်းကျရောက်သည့် တပေါင်းလပြည့်နေ့ပွဲတွင် ကျွန်းတစ်ထောင် ခေါ် (ကွန်ဟိန်း)ဒေသခံ ထောင်နှင့်ချီသွားရောက်ပူဇော်ကြသည်။

ဟိုလိန်း ဒေသအတွင်း SMEC အချက်အလက်ကောက်ယူပြီးစီးခဲ့သောရွာများမှာ ဝမ်ဟိုနား၊ ဂမ်ဆော့၊ ဂမ်ခုံကျုံ နှင့် ဂမ်မွန်း တို့ဖြစ်သည်။ အမေးခံရသည့်ရွာသားများအား လက်ဆောင်များပေးခဲ့သည်၊ ထိုလက်ဆောင်များမှာ လွယ်အိတ်၊ စပိုက်/အချိုရေ နှင့် မုန့်များဖြစ်ပါသည်။ အချိန်ကုန်လာရောက်ဖြေကြားပေးသည့်အတွက်ကြောင့် ပေးခြင်းဖြစ်သည်ဟု ဒေသခံများပြောပါသည်။

(ဇူလိုင်လ ၁၇ မှ ၂၆) ရက်နေ့အထိ SMEC ကုမ္ပဏီသည် မိုင်းပြင်းမြို့နယ်တောင်ဘက် မိုင်းပူးလုံ ခေါ် (မိုင်းပူးကြီး)ဧရိယာတွင် EIA/SIA ထပ်မံကောက်ယူခဲ့သည်။ ဝမ်မိုင်းပူးလုံ( မိုင်းပူးကြီးရွာ)သည် မိုင်းတုံရေကာတာ၏ အရှေ့မြောက်ဧရိယာအတွင်းတည်ရှိပြီး ရေကာတာ တည်ဆောက်ဖြစ်ပါက အနိမ့်ပိုင်းဒေသများ ရေလွှမ်းမိုးမည့်ဒေသများဖြစ်သည်။

(ဇူလိုင်လ ၁၈ ရက်)တွင် မိုင်းပူးလုံ (မိုင်းပူးကြီး)ကျေးရွာအတွင်းရှိ ဂိန်းဟောင်ရွာဘုန်းကြီးကျောင်းတွင် SMEC ကုမ္ပဏီက အစည်းအဝေးခေါ်ယူခဲ့သည်။ အစည်းအဝေးခေါ်ပုံမှာ ရွာပေါင်း ၁၄ ရွာမှ ရှမ်း၊ လားဟူ နှင့် ပလောင် ရွာသူရွာသားများ တစ်မိသားစုတစ်ယောက်နှုန်းခေါ်ယူခဲ့သည်။ သို့သော်ထိုအစည်းအဝေးတွင် ရွာသူရွာသားပေါင်း (၃၀) ဦးသာတက် ရောက်ခဲ့ကြသည်။ ရေကာတာတည်ဆောက်ပါက ဤဧရိယာများသည် ရေလွှမ်းမိုးမည်ဟု SMEC ကုမ္ပဏီက ရွာသား များကိုပြောပါသည်၊ သို့ပါ၍ ရေကာတာကြောင့်ထိခိုက်ခံရမည့်ရွာများအား အချက်အလက်ကောက်ယူရခြင်း ဖြစ်သည်။ ထိုအစည်းအဝေးတွင်လည်း လွယ်အိတ်၊ အချိုရေ နှင့် မုန့်များ လက်ဆောင်ပေးခဲ့ပါသည်။

ထိုအစည်းအဝေးသည် ရွာသူရွာသားများကို လှုပ်နိုးစေခဲ့ပြီး ၄င်းတို့ရွာတွင် SMEC ကုမ္ပဏီအား အချက်အလက် ဝင်ရောက်ကောက်ခွ င့် မပြုတော့ပေ။ ထို့ကြောင့် SMEC သည် ရွာပေါင်း (၄) ရွာကိုသာ အချက်အလက်ကောက်ယူနိုင် ခဲ့ပြီးကျန် သောရွာများအတွင်း ဝင်ရောက်ကောက်ယူ မှုမပြုနိုင်တော့ပါ။ ၄င်းတို့ကောက်ယူနိုင်သည့်ရွာများမှာ ဝမ်ကိန်းဟင် ၊ ဂမ်တုံ၊ ဂိန်းဟောင်နှင့် ဝမ်ကွန်ကောက် တို့ဖြစ်သည်။ SMEC ကုမ္ပဏီအား ၄င်းတို့ရွာအတွင်း ဝင်ခွင့်မပြုသည့်ရွာများမှာ ဝမ်စွမ်တောင်း၊ ဂိန်းစန်း ၊ ဂိန်းကောဝ်၊ ပိန်းဆန်း၊



*မိုင်းပူးလုံ ကျေးရွာသားများ မိုင်းတုံရေကာတာတည်ဆောက်မှုကိုဆန့်ကျင်ပြသကြသည်*

လွန်းကျောက်၊ နားလေး၊ ဂမ်ခွမ့်၊ ဂမ်မိုင်၊ တာကူး နှင့် ကုန်းလင်ရွာ တို့ဖြစ်ကြသည်။ ဖေါ်ပြထားသောရွာများမှ ရွာနှစ်ရွာသည် သံလွင်မြစ်ကမ်းပေါ်တွင်တည်ရှိသည်။

ဇူလိုင်လ (၂၁) ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က မိုင်းပူးလုံ (မိုင်းပူးကြီး)ကျေးရွာတွင်းရှိ ဂိန်းဟောင်ရွာတွင် ပါတီရုံးဖွင့်ပွဲကျင်းပခဲ့သည်။ ထို့အတူ ညနေခင်းပိုင်း ဂိန်းဟောင်ဘုန်းကြီးကျောင်းတွင် သင်တန်းပြုလုပ်ရာ ရွာသားပေါင်း (၃၀၀) ဦးကျော်တက်ရောက်ခဲ့သည်။ ထိုသင်တန်းတွင် မိုင်းတုံရေကာတာ လိုချင်မလိုချင်မေးမြန်းရာ ရွာသူရွာသားများ အားလုံးမလိုချင်ကြကြောင်း လက်ထောင်ပြီးပြောကြပါသည်။

(၂၀၁၅ ဇူလိုင်လ ၁၈ မှ ၂၁ ရက်) နေ့တွင် SMEC ကုမ္ပဏီက ဆောင်လတ်ရွာ (၂ မိုင်ရွာ) တာကော့ သံလွင်မြစ်ကူးတံတား၏ အရှေ့ဘက်နစ်မိုင်အကွာ (၂ မိုင်ရွာ)တွင် လေ့လာအကဲဖြတ်အချက်များ ကောက်ယူခဲ့သည်။ ဤရွာသည်လည်း ရေကာတာတည်ဆောက်ပါက ရေအောက်ရောက်ရှိသွားမည့် ရွာတရွာအပါအဝင်ဖြစ်သည်။ သို့သော် SMEC ကုမ္ပဏီသည် ၁၂၀ အိမ်ခြေရှိ ၂ မိုင်ရွာ၏ သုံးပုံနစ်ပုံကို အချက်အလက်ကောက်ယူနိုင်ပြီး ကျန်အိမ်ခြေ ၄၀ အိမ်မှရွာသူရွာသားများသည် ကုမ္ပဏီမေးသည့်မေးခွန်းများကို ဖြေကြားရန်ငြင်းပယ်ခဲ့သည်။ SMEC (ဩစတေးလျကုမ္ပဏီ) လေ့လာအကဲဖြတ်ချက်ကောက်ယူစဉ်တွင် ၄င်းတို့မေးခွန်းဖြေကြားပေးသော မည်သည့်အိမ်မဆို လွယ်အိတ် အချိုရေ နှင့် မုန့်များ လက်ဆောင်အဖြစ်ပေးခဲ့ပါသည်။

လေ့လာအကဲဖြတ်ကောက်ယူရရှိချက်မှရလဒ်သည် ရေကာတာတည်ဆောက်ရေး အထောက်အကူပြုချက်ဖြစ်ခဲ့မည်ကို ရွာသားများ အလွန်ကြောက်ကြသဖြင့် ဒေသခံရွာသား ၈၀ ဦးခန့်သည် (ဇူလိုင်လ ၂၁ ရက်) မွန်းလွဲပိုင်းတွင် ၂မိုင်ရွာ ဘုန်းကြီးကျောင်းတွင်းစုရုံးကာ ရေကာတာလက်မခံကြောင်း ဆန္ဒဖေါ်ထုတ်ခဲ့ကြသည်။ (ဇူလိုင်လ ၂၂ ရက်) နေ့တွင် ရွာသားများက ၄င်းတို့လက်ခံရရှိသော လွယ်အိတ်များ အချိုရေပုလင်းများကို SMEC ကုမ္ပဏီ၏ အချက်အလက်

ကောက်ယူသူများထံ ပြန်လည်ပေးအပ်ခဲ့သည်။ ထိုသို့ပြန်လည်ပေးအပ်ရာတွင် ရေကာတာဆန့်ကျင်ရေးပိုစတာကဒ် များနှင့်အတူပေးအပ်ခဲ့သည်။






*ဆောင်လတ် ကျေးရွာသားများ မိုင်းတုံရေကာတာတည်ဆောက်မှုကိုဆန့်ကျင်ပြသကြသည်*

*ဆောင်လတ်မှ ကျေးရွာသား ရေကာတာကိုကန့်ကွက် သည့်ပိုစတာအား SMEC ကွင်းဆင်းလုပ်သား များထံပေးအပ်နေ့ခဲ့*

မိုင်းတုံရေကာတာ စီမံကိန်းသည် China’s Three Gorges Corporation(တရုတ်), the Electricity Generating Authority of Thailand (ထိုင်း), Myanmar’s Ministry of Electric Power, International Group of Entrepreneurs ( မြန်မာ) တို့အကြားပေါင်းစည်းထားခြင်းဖြစ်သည်။ ရေကာတာအမြင့် ( ၂၄၁ ) မီတာ သည် ရေအား လျှပ်စစ် ( ၇၀၀၀ ) မီကာဝပ် ကိုထုတ်လုပ်ပြီး ( ၉၀ %) ရာခိုင်နှုန်းကို ထိုင်းနှင့် တရုတ်ကိုတင်သွင်းရော င်းချမည်ဖြစ်ပါသည်။ ၎င်း ၏ ရေလှောင်ကန်သည် ( ၆၄၀) ကီလိုမီတာ  စတုရန်းပတ်လည်ရှိ ရေလှောင်ကန်မှရေသည် ရှမ်းပြည်နယ်တစ်လျှောက် ၏ ( ၃ ) ပုံ ( ၂) ပုံ ရေမြင့်တက်လာမည်ဖြစ်သည်။


အချက်အလက်ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်

စိုင်းခေးဆိုင်    +66816722031
နန်းခမ်းမိုင်    (+95) 09260185001
နန်းခမ်းနောင့်    (+95) 09428367849

# ဇူလိုင်လ ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း SMEC တို့၏ ကွင်းဆင်းလေ့လာမှုပြမြေပုံ




